မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
November 12 , 2025 Volume 96 , Number 7

၁၂-၁၁-၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၀.၉၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၁.၂၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၅၇.၄၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၂.၈၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၀၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၃၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၈.၀၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၆၉ ကျပ် |

## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

# ပြည်ပသို့ လက်ဝတ်ရတနာများ ပြန်လည်တင်ပို့မည်



နိုင်ငံတကာဈေးကွက်တွေကို ရွှေနဲ့ပြုလုပ်ထားတဲ့အဆောင်ရုပ်၊ လက်ဝတ်ရတနာစတာတွေ ပြည်ပကိုတင်ပို့ဖို့ ပြင်ဆင်နေတယ်လို့ ရန်ကုန်တိုင်းဒေသကြီး အဖိုးတန်သတ္တု(ရွှေ) ရောင်းဝယ်သူများအသင်းက ပြောပါတယ်။

၂၀၂၀ ပြည့်နှစ် မတိုင်ခင်ကာလတွေက ဂျပန်နဲ့ကိုရီးယားနိုင်ငံတွေကို လက်ဝတ်ရတနာတွေ တင်ပို့ခဲ့ရာက ၂၀၂၀ နောက်ပိုင်းမှာ တင်ပို့မှုတွေမရှိသလောက်နည်းသွားတာဖြစ်ပါတယ်။

ဒါကြောင့် ရန်ကုန်မှာရှိတဲ့ ပန်းတိမ်လုပ်ငန်းလုပ်ကိုင်သူ ၁ သောင်းကျော် အလုပ်လက်မဲ့ဖြစ်နေပြီး ပန်းတိမ်လုပ်ငန်းတွေ အလုပ်ပြန်ပေးနိုင်ဖို့ လက်ဝတ်ရတနာ ရွှေထည်တွေ ပြန်လည်တင်ပို့နိုင်ရေး ပြင်ဆင်နေတယ်လို့ ရန်ကုန်တိုင်းဒေသကြီး အဖိုးတန်သတ္တု (ရွှေ) ရောင်းဝယ်သူများအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောပါတယ်။

နိုင်ငံတကာဈေးကွက်မှာလည်း ရွှေထည်နဲ့ပြုလုပ်ထားတဲ့ အဆောင်လက်ဝတ်ရတနာကို ကြိုက်နှစ်သက်တာကြောင့် ဒီဈေးကွက်က ပြန်လည်ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တယ်လို့ ဆိုပါတယ်။

ပြည်ပကို ရွှေထည်တင်ပို့ရာမှာ ၁၂ ပဲရည်ရွှေထည်နဲ့ပြုလုပ်ထားတဲ့ ရွှေထည်တွေကို အများဆုံး တင်ပို့ရောင်းချမှာဖြစ်တဲ့အတွက် အရောင်းအဝယ်အဆင်ပြေနိုင်မှာဖြစ်တယ်လို့လည်း ၎င်းကပြောပါတယ်။

လက်ရှိမှာ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ နာမည်ကြီးရွှေဆိုင်ကြီးတွေအပါအဝင် ရွှေဆိုင် ၁၀၀၀ ကျော်လောက် ဓာတ်သတ္တု (ရွှေ) ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် ရရှိထားပြီး လစဉ်ရွှေဆိုင်အသစ် ၂ ဆိုင်လောက် ဖွင့်လှစ်မှုရှိလာတယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## ပုသိမ်ထီးကို ပြည်ပဈေးကွက် တင်ပို့နိုင်ရန်စီစဉ်



ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြုတဲ့ ပုသိမ်ထီးကို ပြည်တွင်းဈေးကွက်သာမက နိုင်ငံတကာဈေးကွက်အထိပါ တင်ပို့နိုင်ဖို့ ပုသိမ်ထီးလုပ်ငန်းတချို့က စီစဉ်နေတယ်လို့ ဧရာဝတီတိုင်းဒေသကြီးရှိ ပုသိမ်ထီးလုပ်ငန်း အသိုင်းအဝိုင်းက သိရပါတယ်။

ပွင့်လင်းရာသီတွေနဲ့ ပွဲလမ်းသဘင်ရှိတဲ့ကာလတွေမှာ ပြည်တွင်းဝယ်လိုအားအမှာစာတွေ အများကြီးရရှိတဲ့ ပုသိမ်ထီးဟာ ထီးသုံးနန်းသုံးထီးအဖြစ် ကမ္ဘာကသိရှိပြီး ဈေးကွက်ထိုးဖောက်နိုင်အောင် လုပ်ဆောင်နေကြတယ်လို့ ဆိုပါတယ်။

ပုသိမ်ထီးလုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ထုတ်ကုန်ပြပွဲပြိုင်ပွဲတွေ ကျင်းပပေးနေတယ်လို့ ဧရာဝတီတိုင်းဒေသကြီးစက်မှုကြီးကြပ်နှင့်စစ်ဆေးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားထားပါတယ်။

အလှဆောင်းဖဲထီး ၊ အလှဆောင်းမိုးရေခံဆီထီး ၊ ကနုတ်ထီး၊ ပန်းချီထီးနဲ့မှုန်းထီး၊ စားပွဲတင်အိုးထီး ၊ စည်ထီး ၊ ကမ်းခြေစိုက်ထီးအကြီးနဲ့ အလှဆင်ထီးစတဲ့ ပုသိမ်ထီးအမျိုးအစားပေါင်း ၂၅ မျိုးကျော်ရှိတယ်လို့ ဆိုပါတယ်။

ဧရာဝတီတိုင်းဒေသကြီးထဲမှာ အသေးစား၊ အလတ်စားလုပ်ငန်း ၅၃၀၀ ကျော်အတွက် SME ယာယီမှတ်ပုံတင်လက်မှတ်ထုတ်ပေးထားပြီး အဲဒီလုပ်ငန်းတွေအတွက် လိုအပ်တဲ့နည်းပညာတွေဖြန့်ဝေပေးနေသလို ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုလုပ်ဆောင်နိုင်ဖို့အတွက် ချေးငွေရရှိရေးနဲ့ဈေးကွက်ပိုမိုကျယ်ပြန့်စွာရရှိစေဖို့အတွက်လည်း ပြည်တွင်းပြည်ပကုန်စည်ပြပွဲတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးနေတယ်လို့ ဧရာဝတီတိုင်းဒေသကြီး စက်မှုကြီးကြပ်နှင့်စစ်ဆေးရေးဦးစီးဌာနက သိရပါတယ်။

**Source:** https://onenewstvchannel.com/

## ဒေသမျိုးခရမ်းချဉ်များ စိုက်သူများပြီး ဈေးကောင်းနေ



မန္တလေးဈေးကွက်အတွင်း ဒေသမျိုးရင်းဖြစ်သော ခရမ်းချဉ်သီးအများအပြားဝင်ရောက်လျက်ရှိကာ ဈေးကောင်းရရှိနေကြောင်း ဒေသခံဈေးသည်များကပြောပါတယ်။

ယခုရက်ပိုင်းအတွင်း မန္တလေးမြို့နှင့်အနီးဝန်းကျင်ရှိ ပုသိမ်ကြီး၊ အမရပူရ၊ မတ္တရာ၊ စဉ့်ကိုင်၊ ကျောက်ဆည်နှင့်တံတားဦးမြို့နယ်များမှ ဒေသမျိုးခရမ်းချဉ်များဈေးကွက်အတွင်းစတင်ဝင်ရောက်လာခြင်းဖြစ်ပါတယ်။

"အင်းသီးတွေထက်ပိုပြီးလူကြိုက်များတယ်။ အရင်ကနည်းနည်းပဲရှိတာ။ ဒီနှစ်တော့စိုက်တဲ့သူများလို့ ထွက်တာပိုများလာတာ။ ဈေးကောင်းလည်းရတယ်"ဟု မဟာအောင်မြေမြို့နယ်မှ ကုန်စိမ်းဈေးသည်တစ်ဦးက ပြောပါတယ်။

ဒေသမျိုးရင်းခရမ်းချဉ်များမှာ အထွက်နှုန်းနည်းပါးမှုနှင့် စိုက်ပျိုးစရိတ်မြင့်မားမှုကြောင့် ယခင်ကစိုက်ပျိုးသူ နည်းပါးခဲ့သော်လည်း ယခုနှစ်တွင်ဈေးကွက်လိုအပ်ချက်အပေါ်မူတည်၍ စိုက်ပျိုးသူများပြားလာခြင်းဖြစ်ပါတယ်။

လက်ရှိအချိန်တွင် ဈေးကွက်အတွင်း ဒေသမျိုးခရမ်းချဉ်သီး တစ်ပိဿာကို ငွေကျပ် ၈၀၀၀ မှ ၁၀,၀၀၀ ကြားအထိရှိနေပြီး ခြံဖြတ်ဈေးနှုန်းများမှာလည်း တစ်ပိဿာကို ၃၀၀၀ ဝန်းကျင်ရရှိနေကြောင်းသိရပါတယ်။

**Source :** https://opinionleadersmedia.com/

## ဧည့်မထဆန်(ဟောင်း)၊ ပေါ်ဆန်းမွှေးဆန်၊ ဆန်ကွဲB(1,2) နှင့် ဆန်ကွဲB(2,3,4) ဈေးတို့တည်ငြိမ်၍ ဧည့်မထဆန်(သစ်) နှင့် ဖွဲနုဈေးမြင့်တက်လျက်ရှိ

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင် ကုန်ကြမ်းအနည်းအများ၊ ရန်ကုန် ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင် မူတည်၍ ဆန်နှင့်ဆန်ကွဲ၊ ဖွဲနုဈေးများ အတက်အကျ ဖြစ်ပေါ်လျက်ရှိသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် ၅.၁၁.၂၀၂၅ ရက်နေ့တွင် ဧည့်မထဆန် (မနေသုခ)(ဟောင်း) တစ်အိတ် ၆၀,၀၀၀ ကျပ်၊ ဧည့်မထ ဆန် (မနေသုခ)(သစ်)တစ်အိတ် ၄၅,၀၀၀ကျပ် ၊ပေါ်ဆန်းမွှေးဆန် တစ်အိတ် ၁၁၀,၀၀၀ကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ် ၄၅,၀၀၀ ကျပ်၊ ဆန်ကွဲB(2,3,4) တစ်အိတ် ၄၀,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၂,၈၀၀ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။


၁၀.၁၁.၂၀၂၅ ရက်နေ့တွင် ဧည့်မထဆန်(မနေသုခ)(ဟောင်း)တစ်အိတ် ၆၅,၀၀၀ ကျပ်၊ ဧည့်မထဆန် (မနေသုခ) (သစ်) တစ်အိတ် ၄၈,၀၀၀ကျပ် ၊ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၁၁၀,၀၀၀ကျပ်၊ ဆန်ကွဲB(1,2) တစ်အိတ် ၄၃,၀၀၀ကျပ်၊ ဆန်ကွဲB(2,3,4) တစ်အိတ် ၄၀,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၂,၈၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်နှိုင်းယှဉ်ချက်အရ ဧည့်မထဆန်(မနေသုခ)(သစ်)တစ်အိတ်၂၀၀၀ကျပ် နှင့်ဖွဲနုတစ်အိတ် ၃၀၀၀ကျပ် ဈေးများမြင့်တက်ကာ ဧည့်မထဆန်(မနေသုခ)(ဟောင်း)၊ ပေါ်ဆန်းမွှေး ဆန်၊ ဆန်ကွဲB(1,2) နှင့် ဆန်ကွဲB(2,3,4) ဈေးများ တည်ငြိမ်လျက်ရှိသည်။

ဧည့်မထဆန်(မနေသုခ) (သစ်)နှင့် ဖွဲနုဈေးများမြင့်တက်သွားခြင်းမှာ ကုန်ကြမ်းနည်းပြီး ဝယ်လိုအားများခြင်းကြောင့် ဈေးမြင့်တက်သွားခြင်း ဖြစ်ကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံက သိရသည်။

Source : ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး

## ကန့်ဘလူမြို့တွင် အရောင်းအဝယ်ဖြစ်သည့် မြေပဲတောင့်၊ မြေပဲလုံးဆန်ဈေးနှုန်း



စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်သည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး မြေပဲလုံးဆန်များကို မြေပဲစိုက်ပျိုးရာ၌ လည်းကောင်း၊ ဆီစက်လုပ်ငန်းရှင်အချို့မှ မြေပဲဆီကြိတ်ကာ ကုန်ချော ထုတ်လုပ်၍ ပြန်လည်ရောင်းချပြီး မြေပဲလုံးဆန်ကို မြေပဲယို၊ မြေပဲဆားလှော် စသည်ဖြင့်လည်း အသုံးပြုကြကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလအတွင်း အရောင်းအဝယ်ဖြစ်နေသည့် မြေပဲလုံးဆံများကို ဒေသတွင်းရှိ စိုက်ပျိုးသူများထံမှလည်းကောင်း၊ မန္တလေးမြို့နှင့်ရွှေဘိုမြို့တို့မှလည်းကောင်း ဝင်ရောက်လျက်ရှိရာ နိုဝင်ဘာလ ပထမပတ်အတွင်း မြေပဲလုံးဆန် တစ်ပိဿာလျှင် ၇၀၅၀ ကျပ်နှင့် ၂၅ ပိဿာတစ်အိတ်လျှင် ၁၇၆,၂၅၀ ကျပ်ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ယခင်အောက်တိုဘာလ၏ ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက ယခုပတ်အတွင်း မြေပဲလုံးဆန် တစ်တင်းလျှင် ၁၆,၂၅၀ ကျပ်ဈေးနှုန်းကျဆင်းသွားကြောင်း လုပ်ငန်းရှင်များထံက သိရသည်။

**Source: DOCA**(စစ်ကိုင်း)

TIR

## အမေရိကန်နိုင်ငံမှ တရုတ်နိုင်ငံသို့ ပြောင်းနှံစားပင် တင်ပို့မှုများရှိလာ



အမေရိကန်နိုင်ငံမှ တရုတ်နိုင်ငံသို့ ပြောင်းနှံစားပင်ပို့ဆောင်မှုသည် ယခင်အပတ်မှ စတင်၍ လုပ်ဆောင်နေပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံ ကောက်ပဲသီးနှံနှင့် ဇီဝထုတ်ကုန်ကောင်စီမှ ဥက္ကဋ္ဌ Mark Wilson က နိုဝင်ဘာလ ၆ ရက်နေ့တွင် ပြောကြားခဲ့သည်။

ပထမဆုံး ကုန်ပစ္စည်းပို့ဆောင်မှုသည် နှစ်နိုင်ငံခေါင်းဆောင်များ၏ ဆွေးနွေးပွဲအပြီးတွင် ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံလယ်သမားအတွက် ထိပ်သီးဈေးကွက်ဖြစ်ပြီး အမေရိကန်ပြောင်းနှံစားပင်ဝယ်ယူမှု၏ အကြီးမားဆုံး ဝယ်ယူသည့် တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံမှ ထွက်ရှိသောစိုက်ပျိုးရေးထွက်ကုန်များကို ကုန်သွယ်ရေးစစ်ပွဲအတွင်းတွင် ရှောင်ရှားမှုများပြုလုပ်ခဲ့ပြီး အစည်းအဝေးအပြီးတွင် ကုန်သွယ်မှုများ ပြန်လည်ပြုလုပ်ခဲ့ကြောင်း သိရသည်။

Beijing သည် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် အကောက်ခွန်များကို ၁၅ ရာခိုင်နှုန်း ကောက်ခံသွားမည်ဖြစ်ကြောင်းနှင့် အမေရိကန်နိုင်ငံ ပြောင်းနှံစားပင်များအပေါ်အခွန်ကောက်ခွန်မှု ၁၀ ရာခိုင်နှုန်းကို ပယ်ဖျက်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

သို့ရာတွင် တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံမှကုန်ပစ္စည်းများအပေါ် အခွန်ထပ်ပေါင်း ၁၀ ရာခိုင်နှုန်းကောက်ခံမှုကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**Source: The Edge Malaysia**

**DOCA** (ရန်ကုန်)

## ဆီးရီးယားသည် ၆ လအတွင်း ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၈ ဘီလီယံ ဆွဲဆောင်နိုင်ခဲ့



ဆီးရီးယားယာယီခေါင်းဆောင် Ahmed al-Sharaa က ၎င်း၏နိုင်ငံသည် ခြောက်လအတွင်း ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၈ ဘီလီယံ ရရှိခဲ့ကြောင်း ရီယာ့ဒ်၌ နိုဝင်ဘာလ ၅ ရက်နေ့တွင် ပြောကြားခဲ့သည်။

"ကျွန်ုပ်တို့သည် ဆီးရီးယား၏ ရင်းနှီးမြှုပ်နှံမှုဥပဒေများကို ပြင်ဆင်ခဲ့ပြီး ပထမခြောက်လအတွင်း နိုင်ငံသည် အမေရိကန်ဒေါ်လာ ၂၈ ဘီလီယံတန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ခဲ့သည်" ဟု ဆော်ဒီအိမ်ရှေ့စံမင်းသား Mohammed bin Salman Al Saud နှင့်အတူ ကျင်းပနေသည့် Future Investment Initiative ညီလာခံအတွင်း အယ်လ်ရှာရာက ပြောကြားခဲ့သည်။

ဘာရိန်း၊ ဂျော်ဒန်တို့နှင့် ရင်းနှီးမြှုပ်နှံမှု ပရောဂျက်များအပြင် ဆော်ဒီအာရေဗျ၊ ကာတာ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ တူရကီတို့နှင့်လည်း မိတ်ဖက်ဖွဲ့စည်းထားကြောင်း Al-Sharaa က ပြောကြားခဲ့သည်။

ဒေသတွင်းမိတ်ဖက်များနှင့်အတူ အမေရိကန်ကုမ္ပဏီများကလည်း ရင်းနှီးမြှုပ်နှံထားကြောင်း ၎င်းကပြောကြားခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် ဆီးရီးယားနိုင်ငံကို ပြန်လည်တည်ဆောက်လိုကြောင်း အယ်လ်ရှာရာက ပြောကြားပြီး ၎င်းသည် ကုန်သွယ်ရေးစင်္ကြံတစ်ခုအနေဖြင့် ကမ္ဘာကြီးအတွက် အကျိုးရှိနိုင်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

Bashar al-Assad ထံမှ လွှန်ခဲ့သော ၁၀ လခန့်က အာဏာသိမ်းပြီးကတည်းက al-Sharaa သည် ၎င်း၏ အသွင်ကူးပြောင်းရေး အစိုးရသည် ဒေသတွင်းနိုင်ငံများနှင့် အနောက်နိုင်ငံများနှင့် ဆီးရီးယား၏ ဆက်ဆံရေး ပြန်လည်ထူထောင်ရန် လုပ်ဆောင်နေသောကြောင့် နိုင်ငံရပ်ခြားခရီးစဉ်များ ဆက်တိုက်သွားရောက်ခြင်းပြုလုပ်ခဲ့သည်။

ဆော်ဒီအာရေးဗီးယားနှင့် တူရကီနိုင်ငံတို့၏ ပံ့ပိုးကူညီမှုသည် ဖွန်လနှောင်းပိုင်းတွင် ဆီးရီးယားအပေါ် အမေရိကန်၏ ပိတ်ဆို့အရေးယူမှုအများစုကို ရုပ်သိမ်းရန် ၎င်း၏ကြားဖြတ်အစိုးရအား ကူညီပေးခဲ့ကြောင်း သိရသည်။

**Source : DOCA(ရန်ကုန်)**

## STOCK EXCHANGE (12.11.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 12th Nov, 2025

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,350 (Shares) | 5,202,900 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | -100 | -1.15% | 8,700 | 8,700 | 8,600 | 203 | 1,746,100 | 33,109,694 | 284,743 |
| MTSH | 00002 | 3,500 | +0 | +0.00% | 3,500 | 3,500 | 3,500 | 441 | 1,543,500 | 38,929,150 | 136,252 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 20 | 156,000 | 10,400,986 | 81,128 |
| FPB | 00004 | 2,200 | +50 | +2.33% | 2,200 | 2,200 | 2,200 | 215 | 473,000 | 29,664,613 | 65,262 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 61 | 176,900 | 12,823,224 | 37,187 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,750 | 1,750 | 1,700 | 180 | 306,150 | 19,977,223 | 33,961 |
| AMATA | 00007 | 3,600 | +50 | +1.41% | 3,550 | 3,600 | 3,550 | 196 | 695,850 | 10,497,598 | 37,791 |
| MAEX | 00008 | 3,100 | -50 | -1.59% | 3,100 | 3,100 | 3,100 | 34 | 105,400 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 12th Nov, 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 397.69 | -1.32 | -0.33% | 400.33 | 400.33 | 397.69 | 1,350 | 5,202,900 | 8 | 750,119 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 11:00 am, 13th Nov, 2025

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,258 (Shares) | 19,170,900 (MMK) |

| MYANPIX | 395.57 ▼ 2.12 |
|---|---|
| Total Volume (shares) | 6,258 |
| Total Value (MMK) | 19 mil |
| Listed Company | 8 |
| Market Cap. (MMK) | 746,113 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲0 |
| MTSH | 00002 | 3,500 | ▲0 |
| MCB | 00003 | 7,700 | ▼100 |
| FPB | 00004 | 2,100 | ▼100 |
| TMH | 00005 | 2,900 | ▲0 |
| EFR | 00006 | 1,700 | ▲0 |
| AMATA | 00007 | 3,600 | ▲0 |
| MAEX | 00008 | 3,100 | ▲0 |